Australian Government
Services Australia

BURMESE

# Rent Assistance

Rent Assistance သည် အိမ်ငှါးခပေးသူများကို ငွေကြေးကူညီပေးပြီး ကျွန်ုပ်တို့ထံမှ Centrelink ထောက်ပံ့ငွေ ရရှိသည်။

## Rent Assistance ရထိုက်ခွင့်

အကယ်၍ သင် ကျွန်ုပ်တို့ထံမှ ဤထောက်ပံ့ကြေးများအနက် တစ်ခုကို ရရှိနေပါက သင် Rent Assistance ရနိုင်သည်။

- Age Pension, Carer Payment သို့မဟုတ် Disability Support Pension
- ABSTUDY Living Allowance, Austudy သို့မဟုတ် Youth Allowance
- အထူးခံစားခွင့် ထောက်ပံ့ကြေး
- Family Tax Benefit Part A ၏အခြေခံနှုန်းထက် ပို၍ရလျှင်
- Parenting Payment စုံတွဲ နှင့် တစ်ဦးတည်း
- JobSeeker Payment သို့မဟုတ် Farm Household Allowance။

သင် အောက်ပါအနက် တစ်ခုကိုလည်း ပေးရမည်-

- အိမ်ငှါးခ
- အငြိမ်းစား နေအိမ် အခကြေးများ
- တည်းခိုနေအိမ်အခကြေး
- ထမင်းလခနှင့် တည်းခိုနေအိမ်အခကြေး
- အကယ်၍ သင်၏ ပုံမှန် နေထိုင်ရာအိမ်မှာ ကရဗင်၊ ရွှေ့ပြောင်းနိုင်သောအိမ် သို့မဟုတ် ရေယာဉ်လှေ ဖြစ်ပါက စခန်းချနေရာအခကြေး သို့မဟုတ် လှေဆိုက်ကပ်ကြေး

Rent Assistance ထောက်ပံ့ငွေ မည်မျှ သင်ရနိုင်သည်မှာ အိမ်ငှါးခ မည်မျှ သင် ပေးရသည့်အပေါ် မူတည်နိုင်သည်။ နှစ်ပတ်တစ်ခါ သင်ပေးရသည့် အိမ်ငှါးခသည် သတ်မှတ်ထားသည့် ပမာဏထက် ပိုရမည်။

အငြိမ်းစား နေအိမ်၌ နေထိုင်သူများအတွက် အထူး စည်းမျဉ်းများရှိသည်။ သင် အငြိမ်းစား နေအိမ်သို့ ဝင်ရောက်နေထိုင်သည့်အခါ သင် ပေးခဲ့သည့် ငွေပမာဏကို ကျွန်ုပ်တို့ အသုံးပြုသည်။ ယင်းနောက် သင် အောက်ပါ တစ်ခုခု ဖြစ်သည် ဟုတ်/မဟုတ် ကျွန်ုပ်တို့ စိစစ်သည်-

- အိမ်ပိုင်ရှင်

- အိမ်ပိုင်ရှင်-မဟုတ်သူ

အကယ်၍ သင်သည် အိမ်ပိုင်ရှင်-မဟုတ်သူဖြစ်ပါက သင် Rent Assistance ကို ရနိုင်သည်။

Rent Assistance နှင့်အတူ ထောက်ပံ့ကြေးအချို့ရရန် လူငယ်လူရွယ်အချို့အတွက် အထူးစည်းမျဉ်းများ သက်ဆိုင်သည်။

အကယ်၍ သင်သည် မိဘ သို့မဟုတ် အုပ်ထိန်းသူနှင့်အတူနေထိုင်လျှင် နှင့် အကယ်၍ သင် ဤထောက်ပံ့ကြေးများအနက် တစ်ခုကို ရနေလျှင် နှစ်မျိုးလုံးအပေါ် မူတည်သည်။

- ABSTUDY Living Allowance
- Disability Support Pension
- JobSeeker Payment
- Youth Allowance.

ပိုမိုသိရှိရန်အတွက် သင် အင်္ဂလိပ်စကားဖြင့် သင်၏ ပုံမှန် ထောက်ပံ့ကြေးဖုန်းလိုင်းဖြင့် **ကျွန်ုပ်တို့ကို ဖုန်းခေါ်နိုင်သည်။** သင် စကားပြန်တစ်ဦး လိုအပ်ပါက ကျွန်ုပ်တို့ကို အသိပေးပါ။ ကျွန်ုပ်တို့က စကားပြန်တစ်ဦး အခမဲ့စီစဉ်ပေးပါမည်။ သင်၏ ထောက်ပံ့ကြေးဖုန်းလိုင်းကိုရှာရန် ဝက်ဘ်ဆိုက်တွင်ကြည့်ပါ-
**servicesaustralia.gov.au/phoneus**

Rent Assistance ကို အောက်ပါအခြေအနေ၌ သာမန်အားဖြင့် **မပေးပါ**-

- အကယ်၍သင် ပြည်နယ် သို့မဟုတ် အုပ်ချုပ်ခံနယ်မြေ အိမ်ယာချပေးရေး အာဏာပိုင်ထံမှ ငှါးနေလျှင်
- ရွှေ့ပြောင်းနိုင်သည့် အိမ်များမှလွဲ၍ အကယ်၍သင် နေထိုင်သည့်အိမ်ကို ပိုင်လျှင် သို့မဟုတ် ဝယ်ယူထားလျှင်
- အကယ်၍သင် ပိုင်သည့်အိမ်မှ 12 လထက်မကျော်လွန်ဘဲ အဝေးသို့ ခရီးသွားနေလျှင်
- Australian Government အစိုးရသည် သင် နေထိုင်သည့် အတည်ပြုထားသော သက်ကြီးစောင့်ရှောက်ရေးဂေဟာသို့ ထောက်ပံ့ငွေကို ပေးပါမည်
- သင်၏ ကြင်ဖော်ဘက်သည် Rent Assistance ကို Family Tax Benefit နှင့်အတူရပါမည်
- သင်သည် ခွင့်ပြုခံစားငွေကို ရပါမည်၊ သင့်ကြင်ဖော်ဘက်က ပင်စင်ငွေနှင့်အတူ Rent Assistance ကိုရပါမည်။

## Rent Assistance ပေးသည့်နှုန်းထားများ

ကျွန်ုပ်တို့သည် Rent Assistance နှုန်းထားများကို နှစ်စဉ် မတ်လ 20 ရက်နေ့နှင့် စက်တင်ဘာလ 20 ရက်နေ့တို့တွင် အသစ်ပြင်ဆင်ပေးသည်။ နောက်ဆုံး ပြင်ဆင်ထားသည့်နှုန်းထားများကို အင်္ဂလိပ်စာဖြင့် ဝက်ဘ်ဆိုက် servicesaustralia.gov.au/rentassistance **servicesaustralia.gov.au/rentassistance** တွင် How much you can get ကိုရွေးပြီးနောက် ကြည့်ရှုနိုင်သည်။

## Rent Assistance ကို ရယူခြင်း

Rent Assistance အတွက် သင် လျှောက်လွှာတင်သွင်းရန် မလိုအပ်ပါ။ သင် ကျွန်ုပ်တို့ထံ ထောက်ပံ့ကြေး တောင်းခံသည့်အခါ သင် ၎င်းကို ရနိုင်သည် ဟုတ်/မဟုတ် ကျွန်ုပ်တို့ စစ်ဆေးပါသည်။

အကယ်၍သင် ကျွန်ုပ်တို့ထံမှ ထောက်ပံ့ကြေး ရနေလျက်ရှိလျှင် သင် အိမ်ငှါးခ ပေးသည့်အခါနှင့် အောက်ပါကိစ္စတစ်ခုခုအကြောင်း ကျွန်ုပ်တို့အား ပြောပြသည့်အခါ သင် ၎င်းကိုရနိုင်သည် ဟုတ်/မဟုတ် ကျွန်ုပ်တို့ စစ်ဆေးပါမည်-

- သင် အိမ်ပြောင်းသွားသည်
- သင် ပေးနေရသည့်အိမ်ငှါးခ ပြောင်းသွားသည်။

## အခြေအနေများ ပြောင်းလဲခြင်း

သင်၏ Rent Assistance ကို သက်ရောက်မှုရှိနိုင်သည့် သို့မဟုတ် ရပ်စဲသွားနိုင်သည့် ပြောင်းလဲမှုများအကြောင်း ကျွန်ုပ်တို့ သိရန်လိုအပ်သည်။ သင့်ဘဝနှင့်ပတ်သက်သည့် ပြောင်းလဲချက်များအကြောင်း ကျွန်ုပ်တို့အား မပြောပြပါက သင့်အား ကျွန်ုပ်တို့ အလွန်များများပေးလိုက်နိုင်သည်။ ဤသို့ပေးလိုက်ပါက သင် ထိုငွေများကို ပြန်ပေးဆပ်ရပါလိမ့်မည်။

ငွေမှန်မှန်ကန်ကန်ရရှိရန် အခြေအနေ ပြောင်းလဲမှုတစ်ခုခုကို ကျွန်ုပ်တို့အား 14 ရက်အတွင်း ပြောပြရန် အရေးကြီးပါသည်။ ၎င်းပြောင်းလဲချက်များမှာ-

- အကယ်၍သင် နာမည်ပြောင်းလျှင် သို့မဟုတ် နာမည်ပြင်ဆင်လျှင်
- အကယ်၍သင့် အိမ်ငှါးခ ပြောင်းလဲလျှင်
- အကယ်၍သင် အိမ်ပြောင်းလျှင်
- အကယ်၍သင့် ဝင်ငွေ ပြောင်းလဲလျှင်
- အကယ်၍ သင်၏ အိမ်ထောင်ရေး သို့မဟုတ် အိမ်ထောင်အခြေအနေ ပြောင်းလဲလျှင်
- အကယ်၍သင်၏ စောင့်ရှောက်မှုအောက်ရှိ မှီခိုကလေး အရေအတွက် ပြောင်းလဲလျှင်
- အကယ်၍ သင်နေထိုင်သည့်အိမ်သို့ လူများ ပြောင်းလာလျှင် သို့မဟုတ် အိမ်မှလူများ ပြောင်းသွားလျှင်
- အကယ်၍ သင် Australia ပြင်ပသို့ ခရီးသွားလျှင်တို့ဖြစ်ပါသည်။

## သင့်ကိုယ်ရေးအချက်များကို ပြင်ဆင်ပုံ

ပြောင်းလဲချက်များအကြောင်း ကျွန်ုပ်တို့အား ပြောပြရန် အလွယ်ကူဆုံးနည်းလမ်းမှာ သင်၏ Centrelink အွန်လိုင်းစာရင်းဖြင့် myGov မှတစ်ဆင့် အကြောင်းကြားရန်ဖြစ်သည်။ အကယ်၍ သင့်တွင် myGov သို့မဟုတ်

Centrelink အွန်လိုင်းစာရင်း မရှိပါက သင် ထိုစာရင်းတစ်ခုကို ဖွင့်နိုင်သည်။ မည်ကဲ့သို့ လုပ်ရမည်ကိုသိရှိရန် ဝက်ဘ်ဆိုက် **servicesaustralia.gov.au/createonlineaccount** တွင် ဖတ်ရှုပါ။

သင် ကျွန်ုပ်တို့အား အင်္ဂလိပ်စကားဖြင့် အောက်ပါနည်းဖြင့်လည်း ပြောပြနိုင်သည်-

- ကျွန်ုပ်တို့၏ Centrelink ဖုန်း ကိုယ်တိုင်ဝန်ဆောင်မှုလိုင်း **136 240** သို့ ဖုန်းခေါ်ဆိုခြင်း
- ပုံမှန်ထောက်ပံ့ငွေပေးသည့်နံပါတ်ဖြင့် ကျွန်ုပ်တို့ကို ခေါ်ဆိုခြင်း
- ဝန်ဆောင်ဌာနတစ်ခုသို့ သွားရောက်ခြင်း။

စကားပြန်လိုအပ်ပါက ကျွန်ုပ်တို့အား အသိပေးပါ၊ အခမဲ့ စီစဉ်ပေးပါမည်။

# သင်၏ အိမ်ငှါးခကို ပြန်လည်သုံးသပ်ခြင်း

သင်၏ အိမ်ငှါးခ လက်ရှိအတိုင်း ရှိနေသည်ကို စိစစ်ရန် ကျွန်ုပ်တို့ ပြန်လည်သုံးသပ်နိုင်သည်။ ဤသို့လုပ်ခြင်းမှာ သင့်အနေဖြင့် Rent Assistance ပမာဏ မှန်မှန်ကန်ကန် ရနေသည်ကို သေချာစေရန်ဖြစ်ပါသည်။

အကယ်၍ ကျွန်ုပ်တို့ ဤသို့လုပ်ရန်လိုအပ်ပါက သင့်ထံ စာပို့ပါမည်။ အကယ်၍ သင် အွန်လိုင်းဖြင့် စာများကို ရနေလျှင် myGov အီးမေးလ်နှင့် Express Plus Centrelink မိုဘိုင်းအက်ဖ်ကို စစ်ဆေးပါ။ အကယ်၍ သင်နှင့် သင့် ကြင်ဖော်ဘက် နှစ်ဦးလုံးက ပြန်လည်သုံးသပ်မည့်စာကို ရပါက သင်တို့တစ်ဦးတည်းသာ ပြန်ကြားရန် လိုပါသည်။

ပြန်လည်သုံးသပ်သည့်အခါ သင်၏ အိမ်ငှါးခကို အတည်ပြုပေးရန် သို့မဟုတ် ပြင်ဆင်ပေးရန် လိုပါသည်။ အကယ်၍ သင် ပြန်လည်သုံးသပ်ခြင်းကို နောက်ဆုံးသတ်မှတ်ရက်အထိ မလုပ်ပါက သင်၏ Rent Assistance ကို ကျွန်ုပ်တို့ ရပ်ဆိုင်းလိုက်ပါမည်။

# အိမ်ငှါး အစီအမံများ၏ အထောက်အထား တင်ပြခြင်း

Rent Assistance ရရှိရန်အတွက် ကျွန်ုပ်တို့အား အိမ်ငှါးခ အထောက်အထားတင်ပြရန် သင့်အား ကျွန်ုပ်တို့ မေးမြန်းနိုင်သည်။

ကျွန်ုပ်တို့ သင့်အား Rent Certificate ကိုဖြည့်စွက်ခိုင်းပါက သို့မဟုတ် တရားဝင် အိမ်ငှါးစာချုပ်ကို တင်ပြခိုင်းပါက သင် ၎င်းတို့ကို အောက်ပါအတိုင်း တင်သွင်းနိုင်သည်-

- အွန်လိုင်းဖြင့်တင်သွင်းပါ
- စာတိုက်ဖြင့် ပေးပို့ပါ
- ဝန်ဆောင်ဌာနတစ်ခုတွင် တင်သွင်းပါ။

အကယ်၍ ကျွန်ုပ်တို့ ဖြည့်စွက်ခိုင်းပါက သင် Rent Certificate တစ်ခုတည်းကိုသာ ဖြည့်စွက်ပေးရန်လိုပါသည်။ ၎င်းကို ကျွန်ုပ်တို့ စာတိုက်ဖြင့် ပို့ပေးပါမည်။

## ပိုမိုသိရှိလိုပါက

- အင်္ဂလိပ်စာဖြင့် ဝက်ဘ်ဆိုက် **servicesaustralia.gov.au/rentassistance** တွင် ကြည့်ရှုပါ။
- သင့်ဘာသာစကားဖြင့် သတင်းအချက်အလက်များကို ဖတ်ရှုနားထောင်ရန် သို့မဟုတ် ဗီဒီယိုကြည့်ရှုနိုင်ရန် ဝက်ဘ်ဆိုက် **servicesaustralia.gov.au/yourlanguage** သို့ သွားပါ။
- Centrelink ထောက်ပံ့ကြေးများနှင့် ဝန်ဆောင်မှုများအကြောင်း သင့်ဘာသာစကားဖြင့် ကျွန်ုပ်တို့နှင့်ပြောဆိုရန် Centrelink ဘာသာစကားမျိုးစုံ ဖုန်းဝန်ဆောင်မှု **131 202** သို့ဖုန်းခေါ်ဆိုပါ။
- ဝန်ဆောင်ဌာနတစ်ခုသို့ သွားရောက်ပါ။

Australia ရှိမည်သည့်နေရာမှမဆို သင့်အိမ်ဖုန်းမှ 13 နံပါတ်များသို့ ဖုန်းခေါ်ဆိုခြင်းများကို ပုံသေဖုန်းခေါ်ခနှုန်းဖြင့်သတ်မှတ်ထားသည်။ ထိုနှုန်းသည် ဒေသတွင်း ဖုန်းခေါ်မှုနှုန်းနှင့် ကွာခြားနိုင်ပြီး တယ်လီဖုန်းကုမ္ပဏီများ အကြားတွင်လည်း ကွဲပြားနိုင်ပါသည်။

## တာဝန်မယူငြင်းဆိုချက်

ဤစာစောင်တွင်ပါရှိသော အချက်အလက်သည် ထောက်ပံ့ကြေးနှင့် ဝန်ဆောင်မှုများအတွက် လမ်းညွှန်တစ်ခုဖြစ်သည်။ သင်၏ သီးခြားအခြေအနေပေါ်မူတည်၍ ထောက်ပံ့ကြေး လျှောက်ထားလိုသည် ဟုတ်/မဟုတ်နှင့် လျှောက်လွှာတင်သွင်းလိုသည် ဟုတ်/မဟုတ် ဆုံးဖြတ်ရန်မှာ သင့် တာဝန်ဖြစ်သည်။

# Rent Assistance

Rent Assistance gives financial help to people who pay rent and get a Centrelink payment from us.

## Eligibility for Rent Assistance

You may get Rent Assistance if you get one of these payments from us:

- Age Pension, Carer Payment or Disability Support Pension
- ABSTUDY Living Allowance, Austudy or Youth Allowance
- Special Benefit
- more than the base rate of Family Tax Benefit Part A
- Parenting Payment partnered and single
- JobSeeker Payment or Farm Household Allowance.

You must also pay one of these:

- rent
- fees in a retirement village
- lodging
- board and lodging
- site or mooring fees if your main home is a caravan, relocatable home or a boat.

How much Rent Assistance you can get depends on how much rent you pay. The rent you pay each fortnight must be above a certain amount.

There are special rules for people living in a retirement village. We use the amount you paid when you entered the retirement village. We then assess if you are either, a:

- home owner
- non-home owner.

If we assess you as a non-home owner you may get Rent Assistance.

Special rules apply for some young people to get Rent Assistance with some payments.

These depend on both if you live with a parent or guardian and if you get one of these payments:

- ABSTUDY Living Allowance
- Disability Support Pension
- JobSeeker Payment
- Youth Allowance.

For more information you can **call us** in English on your main payment line. Let us know if you need an interpreter and we will arrange one for free. Go to **servicesaustralia.gov.au/phoneus** to find your payment line.

Rent Assistance is usually **not paid** if:

- you lease from a state or territory housing authority
- you own or are buying the home you live in, except relocatable homes

- you are travelling away from the home you own for less than 12 months
- the Australian Government pays a subsidy to the approved residential aged care facility where you live
- your partner gets Rent Assistance with Family Tax Benefit
- you get an allowance and your partner gets Rent Assistance with their pension.

## Payment rates for Rent Assistance

We update Rent Assistance rates on 20 March and 20 September each year. For the latest rates in English go to **servicesaustralia.gov.au/rentassistance** and select How much you can get.

## Getting Rent Assistance

You do not need to submit a claim for Rent Assistance. We check if you can get it when you claim a payment from us.

If you already get a payment from us we will check if you can get it when you pay rent and you either tell us:

- you have moved address
- the rent you pay has changed.

## Change of circumstances

We need to know about changes that could affect or stop your Rent Assistance. If you do not tell us about changes in your life, we may pay you too much. If this happens, you will have to pay the money back.

To get the correct payment, it is important you tell us of any change of circumstance within 14 days. This includes if:

- you change or correct your name
- your rent costs change
- you move house
- your income changes
- your relationship or marital status changes
- the number of dependent children in your care changes
- people move in or out of the house you live in
- you travel outside Australia.

## How to update your details

The easiest way to tell us about changes is with your Centrelink online account through myGov. If you do not have a myGov or Centrelink online account, you can create one. To find out how, go to **servicesaustralia.gov.au/createonlineaccount**

You can also tell us in English by:

- calling our Centrelink phone self service line on **136 240**
- calling us on your main payment number

- visiting a service centre.

Let us know if you need an interpreter, we can provide one for free.

## Review of your rent details

We may review your rent details to check they are up to date. This is to make sure you are getting the right amount of Rent Assistance.

If we need this, we will send you a letter. If you get letters online, check your myGov Inbox and your Express Plus Centrelink mobile app. If you and your partner both get a review letter, just one of you needs to reply.

As part of the review, you need to confirm or update your rent details. If you do not complete your review by the due date, we will stop your Rent Assistance.

## Providing proof of your rent arrangements

We may ask you to give us proof of the rent you pay to get Rent Assistance.

If we ask you to complete a Rent Certificate or give us a formal tenancy agreement, you can submit them:

- online
- by post
- at a service centre.

You only need to complete a Rent Certificate if we ask you to. We will post it to you.

## For more information

- Go to **servicesaustralia.gov.au/rentassistance** in English.
- Go to **servicesaustralia.gov.au/yourlanguage** where you can read, listen to or watch information in your language.
- Call the Centrelink multilingual phone service on **131 202** to speak with us in your language about Centrelink payments and services.
- Visit a service centre.

Calls from your home phone to 13 numbers from anywhere in Australia are a fixed rate. That rate may vary from the price of a local call and may also vary between telephone service providers.

## Disclaimer

The information contained in this publication is a guide to payments and services. It is your responsibility to decide if you wish to apply for a payment and to make an application with regard to your particular circumstances.